# (၁၉)ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံနှင့်
# မြန်မာ့တိုင်းရင်းဆေးပညာရှင်များနှီးနှောဖလှယ်ပွဲ ပိတ်ပွဲအခမ်းအနားတွင်
# သဘာပတိ၊ တိုင်းရင်းဆေးပညာဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်၏
# နိဂုံးချုပ်အမှာစကား

ရက်စွဲ။ ၂၉-၁၂-၂၀၁၈

လေးစားအပ်ပါသော ဂုဏ်သရေရှိလူကြီးမင်းများနဲ့ ခန်းမဝင်ပုဂ္ဂိုလ်များ အားလုံး မင်္ဂလာပါ ခင်ဗျာ။ မြန်မာ့တိုင်းရင်းဆေးသမား တော်များ ညီလာခံနှင့်နှီးနှောဖလှယ်ပွဲကို မြန်မာ့တိုင်းရင်းဆေးလောကသားတွေအားလုံး စည်းစည်းလုံးလုံး ညီညီညွတ်ညွတ်နဲ့ ကျင်းပခဲ့တာ အခုဆိုရင် (၁၉)ကြိမ် တိုင်အောင်ရောက်ရှိခဲ့ပြီ ဖြစ်ပါတယ်။ ဒီအချိန်မှာအားလုံးကလည်း ကျွန်တော်နဲ့အတူ ပျော်ရွှင်ကြည်နူး ဝမ်းမြောက်ဝမ်းသာ ဖြစ်နေကြလိမ့်မယ်လို့ လည်း ယုံကြည်မိပါတယ်ခင်ဗျာ။

ဒီညီလာခံကြီး ယခုလို အောင်အောင်မြင်မြင်ကျင်းပနိုင်ဖို့အတွက် ကျွန်တော်တို့အနေနဲ့ ကဏ္ဍစုံ ဘက်ပေါင်းစုံကနေပြည့်စုံအောင်အချိန်ယူပြီး အားသွန်ခွန်စိုက်ကြိုးပမ်းအကောင်အထည်ဖော်ဆောင်ရွက်ခဲ့ကြရတာဖြစ်ပါ တယ်။(၁၉)ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံနှင့် နှီးနှောဖလှယ်ပွဲကျင်းပနိုင်ရေးအတွက်စီမံချက်စတင်ရေးဆွဲတင်ပြပြီးတဲ့ အချိန်ကစပြီးတော့ ဌာနအတွင်းမှာ ညီလာခံအကြိုညှိနှိုင်းအစည်းအဝေးများ ပြုလုပ်ခဲ့ပြီးလိုအပ်သည်များကို ညှိနှိုင်းတိုင်ပင်ဆွေးနွေးခြင်း၊ ညီလာခံ ကျင်းပရေး ဦးစီးကော်မတီနဲ့ လုပ်ငန်းကော်မတီဖွဲ့စည်းခြင်းများ ပြုလုပ်ခဲ့ ပါတယ်။ ဒါ့အပြင်ဆပ်ကော်မတီအသီးသီးဖွဲ့ပြီး သက်ဆိုင်ရာ ကဏ္ဍအလိုက် လုပ်ငန်းများကို အားသွန်ခွန်စိုက်ဆောင်ရွက်ခြင်း၊ ညီလာခံ အတွင်း အကောင်အထည်ဖော်ဆောင်ရွက်မည့်အတွင်းရေးမှူးအဖွဲ့၊ မှတ်တမ်း အဖွဲ့များ ဖွဲ့စည်းဆောင်ရွက်ခြင်းနဲ့ယခု (၁၉)ကြိမ်မြောက် မြန်မာ့ တိုင်းရင်းဆေးသမားတော်များညီလာခံနှင့်နှီးနှောဖလှယ်ပွဲမှာ တင်ပြ ဆွေးနွေး ခဲ့ကြတဲ့ အဆိုပြုချက်များ၊ထောက်ခံချက်များဟာ မြန်မာ့တိုင်းရင်းဆေး

လောကအတွက် အမှန်တကယ်လိုအပ်ပြီး အကျိုးရှိစေမည့် အဆိုပြုချက်များ၊ ထောက်ခံချက်များဖြစ်အောင် သက်ဆိုင်ရာနယ်ပယ်အလိုက် ကျွမ်းကျင်ပညာရှင်များပါဝင်ပြီး တတ်နိုင်သမျှ အချက်အလက်များ ပြည့်စုံ ကောင်းမွန်အောင် အစည်းအဝေးများပြုလုပ်ပြီး ဝိုင်းဝန်း ဆွေးနွေး ရေးသားခြင်းတွေကိုစီစဉ်ဆောင်ရွက်ခဲ့ကြပါတယ်။

အဲဒါတွေအပြင် (၁၉)ကြိမ်မြောက် မြန်မာ့ တိုင်းရင်းဆေးသမားတော်များ ညီလာခံကို ဂုဏ်ပြုသည့်အနေဖြင့် တိုင်းရင်းဆေးပညာမဂ္ဂဇင်း အမှတ်(၃၁) ထုတ်ဝေခြင်း၊ ယခင်နှစ် (၁၈)ကြိမ်မြောက်ကျင်းပခဲ့တဲ့ ညီလာခံမှတ်တမ်းစာအုပ်ကို ပြုစုထုတ်ဝေခြင်း၊ မြန်မာ့ တိုင်းရင်းဆေးဝါးပြခန်းများဖြစ်မြောက်ရေးနဲ့ ညီလာခံအကြိုလှုံ့ဆော်ရေးဆောင်းပါးများရေးသားခြင်း၊ သတင်းများ၊ အင်တာဗျူး စကားဝိုင်းများပြုလုပ်ခြင်း စသည်တို့ကိုလည်း တတ်နိုင်သမျှ အကောင်းဆုံးဖြစ်အောင် ဝိုင်းဝန်း ကြိုးပမ်း ဆောင်ရွက်ခဲ့ကြပါတယ်။

ယခုလို ဘက်ပေါင်းစုံ ထောင့်ပေါင်းစုံက ဆောင်ရွက်ရာမှာ တိုင်းရင်းဆေးပညာဦးစီးဌာန တစ်ခုတည်းကဆောင်ရွက်ခဲ့တာမဟုတ်ဘဲ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနလက်အောက်ရှိ အခြားဦးစီးဌာနများ၊ တိုင်းရင်းဆေးနှင့်နီးနွယ်သောဝန်ကြီးဌာနများနဲ့ သက်ဆိုင်ရာအဖွဲ့အစည်းအသီးသီးကပါ စုပေါင်းပါဝင်အား ဖြည့်ပြီးကူညီ ဆောင်ရွက်ပေးခဲ့ကြတာဖြစ်ပါတယ်။

အထူးအားဖြင့် (၁၉)ကြိမ်မြောက်မြန်မာ့တိုင်းရင်းဆေး သမားတော်များ ညီလာခံနှင့် နီးနှောဖလှယ်ပွဲ ဦးစီးကော်မတီ နာယက ဒုတိယသမ္မတ ဦးမြင့်ဆွေရဲ့ ဦးဆောင်ညွှန်ကြားဆောင်ရွက်ပေးမှုနဲ့ ဆပ်ကော်မတီအသီးသီးရဲ့ အားတက်သရော ဝိုင်းဝန်းကူညီ ပံ့ပိုးပေးမှုတွေကြောင့် ဒီညီလာခံကြီးက အခုလို အောင်အောင်မြင်မြင်နဲ့ ပြီးမြောက်ခဲ့တာဖြစ်ပါတယ်။

ကျွန်တော်တို့ရဲ့ (၁၉)ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များ ညီလာခံနှင့်နီးနှောဖလှယ်ပွဲသို့ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်မှပေးပို့သော ဂုဏ်ပြုသဝဏ်လွှာမှာပါရှိတဲ့ ဩဝါဒမိန့်မှာချက်များ၊
မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံနှင့်နှီးနှောဖလှယ်ပွဲကျင်းပရေးဦးစီးကော်မတီ နာယကပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဦးမြင့်ဆွေရဲ့ ဩဝါဒမိန့်မှာချက်များကို တိုင်းရင်းဆေးပညာဦးစီးဌာနအတွက် လုပ်ငန်းလမ်းညွှန်အဖြစ်နဲ့ လိုက်နာကျင့်သုံးသွားမှာဖြစ်ပြီး ယခုညီလာခံမှာ တင်သွင်းခဲ့တဲ့ အဆိုပြုချက် (၄)ရပ်ကိုလည်း မှတ်တမ်းအဖြစ်ထားရှိပြီး အတည်ပြုဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ဒီဩဝါဒတွေ၊ အဆို အထောက်တွေ၊ ဝိုင်းဝန်းဆွေးနွေးအကြံပေးချက်တွေ ဟာမြန်မာ့ တိုင်းရင်းဆေးပညာကို ချစ်မြတ်နိုးတန်ဖိုးထားပြီး တိုးတက်စေချင်တဲ့ စိတ်ရင်းအမှန်တွေနဲ့ ပြောကြားခဲ့ကြတာဖြစ်လို့ ကျွန်တော်တို့အနေနဲ့အထူး အလေးထား လိုက်နာဆောင်ရွက်ရမည့် အချက်တွေပဲဖြစ်ပါတယ်။

ယခုနှစ်မှာတင်ပြဆွေးနွေးခဲ့ကြတဲ့ အဆို(၄)ခုကိုလည်း ရေတိုရေရှည်ခွဲပြီး လတ်တလောဆောင်ရွက်ရန်နဲ့ ရေရှည်ဆောင်ရွက်ရန်ဆိုပြီး (၂)ပိုင်းခွဲ၍ဆောင်ရွက်သွားမည်ဖြစ်ပြီး ယခုနှစ်ရဲ့အဆိုတင်သွင်းချက်များ အကောင်အထည် ဖော်ဆောင်ရွက်နိုင်မှု အခြေအနေကိုလည်း နောက်နှစ်ညီလာခံမှာ ပြန်လည်သုံးသပ်တင်ပြသွားမှာဖြစ်ပါတယ်။

ပြီးခဲ့တဲ့ (၁၈)ကြိမ်မြောက်ညီလာခံမှာတင်ပြခဲ့တဲ့ အဆိုပြုချက် Action Plan တွေရဲ့ အကောင်အထည်ဖော်နိုင်မှု အခြေအနေများကို ဆွေးနွေးတင်ပြခဲ့ရာမှာအကောင်အထည်ဖော်ဆောင်ရွက်ပြီး
အောင်မြင်မှုတွေရရှိနေတာလဲ ရှိသလို လုပ်ဆောင်ရန် ကျန်ရှိနေတာတွေကိုလည်း ဆက်လက်ပြီး အကောင်အထည်ဖော် ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

အခုဆိုရင်(၁၉)ကြိမ်မြောက်ကျင်းပတဲ့ မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံနဲ့ နှီးနှောဖလှယ်ပွဲကြီးကို အောင်အောင်မြင်မြင် ကျင်းပနိုင်ခဲ့ပြီဖြစ်လို့ ညီလာခံကို ကျင်းပခွင့်ပြုပါသော

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတကြီးဦးဝင်းမြင့်၊ ညီလာခံသို့ကြွရောက်ချီမြှင့်ပေးပါသော ဒုတိယသမ္မတဦးမြင့်ဆွေ၊ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး၊ ညီလာခံဖြစ်မြောက်ရေး အတွက် အဖက်ဖက်မှ ဝိုင်းဝန်းကူညီပံ့ပိုးပေးကြသော နှီးနွှယ်ဝန်ကြီးဌာနများ၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ အမြဲတမ်းအတွင်းဝန်များဖြစ်ကြတဲ့ ပါမောက္ခဒေါက်တာသက်ခိုင်ဝင်းနှင့် ဒေါက်တာသာထွန်းကျော်၊ ဒုတိယ အတွင်းဝန်နှင့်တကွ တာဝန်ရှိ ပုဂ္ဂိုလ်များအားလုံး၊ သဘာပတိအဖွဲ့ဝင်များ၊ တိုင်းရင်းဆေး ကောင်စီဝင်များ၊ တိုင်းရင်းဆေးပညာရပ်ဆိုင်ရာအကြံပေးအဖွဲ့ဝင်များ၊ မြန်မာနိုင်ငံတိုင်းရင်းဆေးဆရာအသင်းဝင်များ၊ မြန်မာ့တိုင်းရင်းဆေးပညာရှင် သမားတော်ကြီးများ၊တိုင်းဒေသကြီး /ပြည်နယ်မှညီလာခံကိုယ်စားလှယ်များ၊ တိုင်းရင်းဆေးနှင့်နှီးနွှယ်သော အသိပညာရှင် အတတ်ပညာရှင်များ၊ ညီလာခံအဆို အထောက်များပြုစုရာမှာ ဝိုင်းဝန်းဆောင်ရွက်ပေးကြတဲ့ သက်ဆိုင်ရာ နယ်ပယ်အသီးသီးမှအသိပညာရှင် အတတ်ပညာရှင်များ၊ Panelist များ၊Moderator များ၊ ဆေးဝါးထုတ်လုပ်ရေးလုပ်ငန်းရှင်များ၊ အခမ်းအနားမှူးများ၊ မီဒီယာများနှင့် အခမ်းအနားဖြစ်မြောက်ရေးအတွက် အဖက်ဖက်မှ ပံ့ပိုးကူညီပေးကြပါသော ကျေးဇူးတင်ထိုက်သူများ အားလုံးကိုကျေးဇူးအထူးတင်ရှိပါတယ်ခင်ဗျာ။ဒါ့အပြင် ညီလာခံအစအဆုံး အကောင်းဆုံးဝန်ဆောင်မှုပေးခဲ့သော MICC-2 မှ ဝန်ထမ်းများ၊ ဧည့်ခံဖျော်ဖြေ ပေးပါသော မြန်မာ့အသံ ခေတ်ပေါ်တေးဂီတအဖွဲ့ဝင်များ၊ ဧည့်ခံ ကျွေးမွေးရေးအတွက် တာဝန်ယူဆောင်ရွက်ကြသူများ၊ လုံခြုံရေး ဝန်ထမ်းများ၊ ကျွန်တော်တို့ရဲ့ တိုင်းရင်းဆေးပညာဦးစီးဌာနမှ ဝန်ထမ်းများ အားလုံးနှင့်ကျေးဇူးတင်ထိုက်သူများအားလုံးကိုလည်း ကျေးဇူးအထူးတင်ရှိပါတယ်ခင်ဗျာ။

နိဂုံးချုပ်အနေနဲ့ ပြောကြားလိုတာကတော့ (၁၉)ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံနဲ့ နှီးနှောဖလှယ်ပွဲမှာ ယခုလို မြန်မာ့တိုင်းရင်းဆေးသမားတော်များသာမက တိုင်းရင်းဆေးနဲ့နီးနွယ်တဲ့ ကဏ္ဍစုံမှပညာရှင်များ စုံစုံညီညီတက်ရောက်ပြီး မြန်မာ့တိုင်းရင်းဆေးပညာရေရှည်တည်တံ့ဖွံ့ဖြိုးတိုးတက်ဖို့နဲ့ ပတ်သက်ပြီး ရင်းရင်းနှီးနှီး ပွင့်ပွင့်လင်းလင်း ဆွေးနွေးညှိနှိုင်း တိုင်ပင်ပေးခဲ့ကြတဲ့အ တွက်ကျေးဇူးအထူးတင်ရှိပါကြောင်းနဲ့ ကျွန်တော်တို့အားလုံး ဝိုင်းဝန်းဆွေးနွေး စဉ်းစားရာကပေါ်ထွက်လာတဲ့ ဒီလုပ်ငန်းစဉ်များကိုလည်း အားလုံးဝိုင်းဝန်းပြီး အောင်မြင်အောင်အကောင်အထည်ဖော် ဆောင်ရွက်နိုင်ကြလိမ့်မယ်လို့ ယုံကြည်ရင်း မြန်မာ့တိုင်းရင်းဆေးလောကသားတွေအားလုံး စည်းလုံးညီညွတ်စွာနဲ့ တိုင်းရင်းဆေးလောကကြီးကို သိက္ခာသမာဓိရှိရှိနဲ့ အစွန့်ရှည်တည်တံ့ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နိုင်ပါစေလို့ ဆုမွန် ကောင်းတောင်းအပ်ပါတယ်။

ယခု ညီလာခံကြီးကို တက်ရောက်လာတဲ့ တိုင်းဒေသကြီး/ပြည်နယ်အသီးသီးက ဧည့်သည်တော်များ၊ ညီလာခံကိုယ်စားလှယ်တော်များအားလုံး မိမိတို့ရဲ့ နေရပ်ဒေသများဆီကို ဘေးအန္တရာယ်ကင်းရှင်းစွာနဲ့ ချောချောမွေ့မွေ့ ပြန်လည်ရောက်ရှိပြီး ဒီနှစ်ရဲ့ အဆိုပြုချက်များကို မိမိတို့ရဲ့ တာဝန်ကျရာဒေသအသီးသီးကနေ တစ်တပ်တစ်အားပါဝင်ပြီး အကောင်းဆုံးကြိုးစား အကောင်အထည်ဖော်ဆောင်ရွက်ပေးကြပါလို့ တိုက်တွန်းရင်း၊ နောက်နှစ်ညီလာခံမှာ ကျွန်တော်တို့ ပြန်လည်ဆုံတွေ့ကြတဲ့အခါ ဒီနှစ်ညီလာခံမှာတင်သွင်းခဲ့တဲ့ အဆိုပြုချက်များကို ဘယ်အတိုင်းအတာအထိတော့ ဆောင်ရွက်နိုင်ခဲ့ပြီး ဘာတွေတော့ ဆောင်ရွက်ရန်ကျန်သေးတယ် စတာတွေကို ပြန်လည်သုံးသပ်ကြပြီး မြန်မာ့တိုင်းရင်းဆေးလောကကြီး ဖွံ့ဖြိုးတိုးတက်ဖို့အတွက် တိုင်းရင်းဆေးပညာရှင်များအားလုံးစိတ်တူကိုယ်တူညီညီညွတ်ညွတ်နဲ့ အကောင်းအဆိုးမျှဝေရင်း၊ အားနည်းချက်များကို ဖေးမကူညီရင်းဖြင့်

ပြည်သူလူထုရဲ့ ကျန်းမာရေးကို ကောင်းမွန်စွာကာကွယ်စောင့်ရှောက်ပေးနိုင်တဲ့ ထူးချွန်ပြောင်မြောက်တဲ့ မြန်မာ့တိုင်းရင်းဆေးသမားတော်များဖြစ်အောင် ကြိုးစားအားထုတ်နိုင်ကြပါစေ၊ နောင်ကျင်းပမည့် (၂၁)ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေး သမားတော်များညီလာခံနှင့် နှီးနှောဖလှယ်ပွဲမှာလည်း အခုလိုပဲ စည်းစည်းလုံးလုံး စုံစုံညီညီနဲ့ ကျန်းမာရွှင်လန်းစွာ ပြန်လည်ဆုံစည်းနိုင်ကြပါစေကြောင်း ဆုမွန်ကောင်းများချွေရင်း နိဂုံးချုပ် အပ်ပါတယ်ခင်ဗျာ။အားလုံးကို ကျေးဇူးအများကြီး တင်ပါတယ်ခင်ဗျာ။

DTM